# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

January 26, 2022 — Volume 50, Number 17

| ၂၆.၁.၂၀၂၂ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၄၇ US$ |
| မြန်မာ့ရွှေဈေး | = ၁၈၈၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၉၉၅ ကျပ် (Offer Price) |
| CBM Rate | = ၁၇၇၈.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၀၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၃၂၂.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၉၉.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၂၇၃.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၁.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၃.၇၂၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၈.၅၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၂၄.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၃.၉၂၈ ကျပ် |

Source: CBM Rate, etrademyanmar.com

# တရုတ်နိုင်ငံဘက်တွင် ခုနစ်လနီးပါးကြာ ပိတ်မိနေသည့် ကားအစီးရေ ၄၀၀ ကျော် မြန်မာနိုင်ငံဘက်သို့ ပြန်လည်ဝင်ရောက်ခွင့်ပြု

ကချင်ပြည်နယ် လွယ်ဂျယ်-လိုင်းရင်း နယ်စပ်ဂိတ်တွင် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် ဇူလိုင် ၆ ရက်မှစကာ ခုနစ်လနီးပါးကြာ ပိတ်မိနေသည့် ကားအစီးရေး ၄၀၀ ကျော်ကို ဇန်နဝါရီ ၂၅ ရက်မှစတင်ကာ သယ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

ဇန်နဝါရီ ၂၅ ရက် ညနေပိုင်းအထိ အစီးရေ ၁၃ စီးကို မြန်မာနိုင်ငံအတွင်းသို့ သယ်ယူနိုင်ခဲ့ပြီး အဝင်အထွက် စိစစ်ခြင်း၊ အတည်ပြုခြင်း၊ လမ်းကြောင်းတစ်ခုလုံးတွင် အဆင့်သုံးဆင့်ဖြတ်ကျော်ရခြင်းကြောင့် အချိန်ကြန့်ကြာရခြင်းဖြစ်ကြောင်း ကားပိုင်ရှင်တစ်ဦးက ပြောကြားသည်။

ကားပိုင်ရှင်တစ်ဦးက " တရုတ်နိုင်ငံထဲကိုတော့ လုံးဝလူဝင်လို့ မရသေးဘူး။ သူတို့ဘက်က ကုမ္ပဏီတွေက တာဝန်ယူပြီး ပို့ပေးတာ။ နယ်စပ်ဂိတ်ကို တစ်ဦးမောင်းတယ်။ နယ်စပ်ကိုကျော်ပြီး တစ်ဦးမောင်းတယ်။ မြန်မာဘက်ရောက်မှ ကျွန်တော်တို့ကားဆရာက ကားကြီးကွင်းမှာ သွားယူရတာ။ ကားတွေရဲ့ အစီးရေ ၈၀ ရာခိုင်နှုန်းက အကောင်းရှိတယ်။ ကျန်တာတော့ အခြားကားနဲ့ ဆွဲပေးမယ်လို့ သိရတယ်။ ကျွန်တော်တို့ကားပိုင်ရှင်တွေကတော့ ဝမ်းအရမ်းသာတာပေါ့ဗျာ။ နယ်စပ်မှာ မလုပ်နိုင်ရင်လည်း မြန်မာနိုင်ငံအတွင်း ကြိုက်တဲ့နေရာသွားလို့ရတာကို။ တချို့ကားပိုင်ရှင်တွေက အရင်းအနှီးတွေများတော့ ထိခိုက်သွားတဲ့ လူတွေလည်းရှိကြတာပေါ့" ဟုဆိုသည်။

ဗန်းမော်မြို့မှ ကားပိုင်ရှင်တစ်ဦးက " ကျွန်တော်တို့ ကြားတာတော့ ကားတွေကဘက်ထရီဖြုတ်တာ။ နောက်အဖိုးတန်တဲ့ဟာတွေ ဖြုတ်ယူတာတွေ ဖြစ်ကုန်တယ်လို့ တရုတ်မိတ်ဆွေတွေက ပြောလာတယ်။ ကားတွေက ပျက်တာတွေ များကုန်ပြီ။ ဒီအတိုင်းပဲရောက်တဲ့နေရာ ပစ်ထားခဲ့ရတာလေ။ တရုတ်က အခုနယ်စပ်မှာ စစ်သား၊ ရဲပဲ စောင့်ခိုင်းပြီးနယ်စပ်နေရာကို ကျင်းအနက်ကြီးတူး သံဆူးလိပ်၊ ဘလိတ် ဓားဆူးလိပ်တွေ အထပ်ထပ်ခတ်တာ။ လွယ်ဂျယ်ဟိုဘက်က လိုင်းရင်းရွာဆိုရင်လည်း ရင်ကျန်းမြို့ကို အားလုံးပြောင်းခိုင်းတယ်။ မြန်မာနိုင်ငံသားဆိုရင် ယွမ် ၂၀၀၀ ပေးပြီး မြန်မာပြည်ပြန်လွှတ်တာပဲ။ ပြန်ရမယ်ဆိုတော့ ဝမ်းသာတယ်" ဟု ပြောကြားသည်။

ကချင်ပြည်နယ်တွင် ကိုဗစ်-၁၉ ကူးစက်မှုမြင့်မားလာမှုကြောင့် ပြီးခဲ့သည့် ဇူလိုင် ၁၁ ရက်တွင် ပိတ်ထားခဲ့သည့် ကချင်ပြည်နယ်နှင့် တရုတ်နိုင်ငံ နယ်စပ်ဂိတ်များ ပြန်လည်ဖွင့်လှစ်နိုင်ရန် စက်တင်ဘာလဆန်းပိုင်းမှစတင်ကာ နှစ်ဖက်အစိုးရနှင့် ကုန်သည်ကြီးများက ကြိုးပမ်းခဲ့ရကြောင်းသိရသည်။ တရုတ်နိုင်ငံအစိုးရဘက်က ကိုဗစ်ကူးစက်မှုကိုထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် မြစ်ကြီးနားနှင့် ဝိုင်းမော်မြို့နယ်အတွက် ပေါင်းရှန်းပြည်နယ်အစိုးရက လူဦးရေ ၇၅၂၀၀ အတွက် ကာကွယ်ဆေးလှူဒါန်းထားကြောင်း၊

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

စက်တင်ဘာ ၁၄ ရက်က ကန်ပိုက်တည်နယ်စပ်ဂိတ်မှတစ်ဆင့် ရောက်ရှိကြောင်း၊ ၁၆ ရက်မှစတင်ကာ ထိုးနှံနေကြောင်း၊ အုပ်စု ၂၃ စုကို အဓိကထားပြီး စုဖွဲ့အလုပ်သမားများ၊ စစ်ဘေးရှောင်များ၊ ကုန်စုံဆိုင်များ၊ အသက် ၄၀ နှင့် အထက်အုပ်စုများ ပါဝင်မည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံ နူကျန်းပြည်နယ်ခွဲမှ ဆေးအလုံးရေနှစ်သိန်း (လူတစ်သိန်းစာအတွက်) စက်တင်ဘာလအတွင်း ဖီမော်ဂိတ်မှတင်သွင်းကာ ချီဖွေမြို့နယ်အတွင်း ကာကွယ်ဆေးထိုးနှံသည့် လုပ်ငန်းများလုပ်ဆောင်ခဲ့ကြောင်း ကချင်ပြည်နယ်ကျန်းမာရေးဌာနမှ သိရသည်။

လွယ်ဂျယ်နယ်စပ်ဂိတ်မှာ ဗန်းမော်မြို့မှ ၅၆ မိုင် ၄ ဖာလုံအကွာတွင်ရှိပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ လုံချွမ်ခရိုင် ကျန်းဖုန်းမြို့နယ် လိုင်းရင်းကျေးရွာနှင့်ထိစပ်နေသည့် နယ်စပ်ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံနှင့် ကချင်ပြည်နယ်တို့ တရားဝင်အဓိက ဆက်သွယ်သည့်ဝင်ပေါက်မှာ ကန်ပိုက်တည်၊ လွယ်ဂျယ်၊ ပန်ဝါဝင်ပေါက်တို့ဖြစ်ပြီး လိုက်ဇာ၊ မန်ဝိန်းကြီး ဝင်ပေါက်များကိုလည်း အသုံးပြုနေကြသည်။

**Source:** https://news-eleven.com/article/224571

## ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ပထမပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ပြည်ပသို့ ဒေါ်လာ ၁၈ သန်းကျော် တန်ဖိုးရှိသည့် ဆန်တန်ချိန် ၅၉၀၀၀ ခန့်တင်ပို့ခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံသို့ အများဆုံးဖြစ်

၂၀၂၂ ခုနှစ် ဇန်နဝါရီပထမပတ် ကာလအတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုမှတစ်ဆင့် ဒေါ်လာ ၁၈ ဒသမ ၈၉၆ သန်းတန်ဖိုးရှိသည့် ဆန်တန်ချိန် ၅၉၀၀၀ ခန့်တင်ပို့ခဲ့ရာ အိုင်ဗရီကို့စ်နိုင်ငံသို့ အများဆုံးဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါကာလအတွင်း ဆန်တင်ပို့မှုအများဆုံးနိုင်ငံများမှာ ကင်မရွန်းနိုင်ငံသို့ ဆန်တန်ချိန် ၁၅၀၀၀ ခန့်၊ အိုင်ဗရီကို့စ်နိုင်ငံသို့ ဆန်တန်ချိန် ၁၉၃၅၀ ခန့်၊ နိုင်ဂျာနိုင်ငံသို့ ဆန်တန်ချိန် ၄၀၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်တန်ချိန် ၆၂၀၀ ခန့်၊ ပိုလန်နိုင်ငံသို့ ဆန်တန်ချိန် ၅၁၅၀ ခန့်၊ နယ်သာလန်နိုင်ငံသို့ ၃၁၀၀ ခန့်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဆန်တန်ချိန် ၄၈၁၀ ခန့် တင်ပို့နိုင်ခဲ့ကြောင်း၊ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဆန်တင်ပို့မှုတန်ချိန် ၄၄၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ကြောင်း သိရသည်။

ဇန်နဝါရီ ပထမပတ်ကာလအတွင်း ပင်လယ်ရေကြောင်းမှ နယ်သာလန်နိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၀၇၀၀ ခန့်၊ ဘယ်လ်ဂျီယံနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၂၂၇၀၀ ခန့်၊ အာရပ်စော်ဘွားများပြည်ထောင်စုသို့ ဆန်ကွဲတန်ချိန် ၁၅၀၀ ခန့်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသို့ ဆန်ကွဲတန်ချိန် ၁၈၇၀ ကျော်၊ စင်ကာပူနိုင်ငံသို့ တန် ၅၀ ခန့် စုစုပေါင်းဆန်ကွဲတန်ချိန် ၂၆၁၀၀ကျော် တန်ဖိုးအားဖြင့် ဒေါ်လာ ၈ ဒသမ ၁၂ သန်းခန့်ရရှိခဲ့ကြောင်း၊ ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဆန်ကွဲတန်ချိန်၂၄၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်းသိရသည်။ ဇန်နဝါရီ ပထမပတ်ကာလအတွင်း ပင်လယ်ရေကြောင်းမှ ဆန်နှင့်ဆန်ကွဲတင်ပို့မှုစုစုပေါင်းတန်ချိန် ၈၅၁၀၀ ကျော် တင်ပို့ခဲ့ကြောင်းသိရသည်။

မြန်မာနိုင်ငံမှ ဆန်ဖြူတန်ချိန်တစ်သိန်းနှင့် ပေါင်းဆန်တန်ချိန် ငါးသောင်းတို့ကို သီရိလင်္ကာနိုင်ငံသို့ ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ်အတွင်း တင်ပို့မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာ ဆိုရှယ်လစ်ဒီမိုကရက်တစ်နိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်နိုင်ရေးအတွက် အစိုးရများအကြား G to G စနစ်ဖြင့် လယ်ယာထွက်ကုန်ကဏ္ဍမှ ဆန်အပါအဝင် အခြားကုန်စည်များ တိုးမြှင့်ရောင်းချသွားနိုင်ရေး ကနဦးဆောင်ရွက်ချက်အဖြစ် ချုပ်ဆိုခြင်းဖြစ်ကြောင်း၊ နှစ်နိုင်ငံအကြား အကျိုးအမြတ်ရှိနိုင်သည့် ခရီးသွားလုပ်ငန်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် ဖိတ်ခေါ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ပွင့်ဆန်းက ပြောကြားသည်။

အဆိုပါသဘောတူစာချုပ်ကို မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်နှင့် သီရိလင်္ကာနိုင်ငံကုန်သွယ်ရေးဝန်ကြီးဌာန၊ တွဲဖက်အတွင်းဝန်တို့က လက်မှတ်ရေးထိုးခဲ့ကြပြီး စာချုပ်အရ ဆန်ရောင်းဝယ်မှုကို မြန်မာနိုင်ငံဘက်မှ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် သီရိလင်္ကာနိုင်ငံဘက်မှ Sri Lanka State Trading (General) Corporation တို့က အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ ဆန်နှင့်ဆန်ကွဲတင်ပို့ရာ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့နေပြီး ဥရောပနိုင်ငံများနှင့် အာဖရိကနိုင်ငံများသို့လည်း တင်ပို့နေခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှဆန်နှင့် ဆန်ကွဲကို ပြည်ပတင်ပို့ရာ၌ ပင်လယ်ရေကြောင်း ကုန်သွယ်မှုမှ အီးယူဈေးကွက်၊ အာဖရိကဈေးကွက်သို့ တင်ပို့လျက်ရှိပြီး မူဆယ်နယ်စပ်မှတစ်ဆင့် တရုတ်နိုင်ငံသို့ အဓိကတင်ပို့နေသည်။

ပြီးခဲ့သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပြည်ပသို့ ဆန်တင်ပို့မှုလျော့ကျခဲ့သော်လည်း ဆန်ကွဲတင်ပို့မှုမြင်တက်ခဲ့သဖြင့် ယခင်နှစ်ကာလတူထက် ဝင်ငွေဒေါ်လာ ၈၄ သန်း ကျော်ပိုမိုရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြည်ပသို့ဆန်နှင့် ဆန်ကွဲတင်ပို့မှုကို ပျမ်းမျှအားဖြင့် နှစ်စဉ် ၁၀ ရာခိုင်နှုန်းခန့် တိုးတက်လာအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် တန်ချိန်မြင့်တက်မှုအပြင် ဝင်ငွေပိုမိုမြင့်တက်လာစေရန် အရည်အသွေးကောင်းမွန်သည့် တန်းမြင့်ဆန်များအမျိုးအစားများ ပိုမိုတင်ပို့နိုင်အောင်ဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

https://news-eleven.com/article/224545

## တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ရန် မှတ်ပုံတင်ထားသည့် လုပ်ငန်းပေါင်း ၈၆၀ ကျော်ရှိ

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန်တင်ပို့ရန်အတွက် တရုတ်နိုင်ငံ GACC ၌ မှတ်ပုံတင်ခြင်းကို အွန်လိုင်းမှတစ်ဆင့် ဆောင်ရွက်ခဲ့ရာ မှတ်ပုံတင်ပြီးသည့် လုပ်ငန်းပေါင်း ၈၆၃ ခုရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။

တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်လုပ်ငန်းရှင်များအနေဖြင့် တရုတ်နိုင်ငံမှထုတ်ပြန်ခဲ့သည့် အမိန့်ကြေညာချက်အမှတ်(၂၄၈) နှင့် (၂၄၉) တို့အရ GACC တွင် မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်အထိ ၎င်းတို့၏ဝက်ဘ်ဆိုက် [https://ciferquery.singlewindow.cn](https://ciferquery.singlewindow.cn) တွင် မြန်မာနိုင်ငံမှ မှတ်ပုံတင်ပြီးသည့် လုပ်ငန်းများစာရင်းကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှတစ်ဆင့် အသိပေးဖော်ပြထားခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မြန်မာ့စားသောက်ကုန် လုပ်ငန်းများကို တရုတ်အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) ၌ မှတ်ပုံတင်ပြီးသည့် လုပ်ငန်းများမှ စားသောက်ကုန်များကိုသာ တရားဝင်ခွင့်ပြုမည်ဟုပြီးခဲ့သည့် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းက ထုတ်ပြန်ထားခြင်းဖြစ်ကြောင်း သိရသည်။

ယင်းသို့ မှတ်ပုံတင်သည့်လုပ်ငန်းများဆောင်ရွက်ရာ၌ အပိုင်းနှစ်ပိုင်းရှိပြီး ပထမပိုင်းတွင် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်လိုအပ်ကာ အဆိုပါဌာနများမှတစ်ဆင့် မှတ်ပုံတင်လျှောက်ထားရမည့် ကုန်ပစ္စည်းအမျိုးအစားများပါဝင်ပြီး ဒုတိယပိုင်းတွင် ထောက်ခံချက်မလိုအပ်ဘဲ တင်ပို့မည့်လုပ်ငန်းရှင်ကိုယ်တိုင် ဝင်ရောက်လျှောက်ထားရမည့် ကုန်ပစ္စည်းအမျိုးအစားများပါဝင်ကြောင်းသိရသည်။

**Source:** [http://sdtimedaily.com/](http://sdtimedaily.com/)

## ပြီးခဲ့သည့်ဘဏ္ဍာနှစ် ပြည်ပမှ စားသောက်ကုန်ပစ္စည်းတင်သွင်းမှုအတွက် ကန်ဒေါ်လာ တစ်ဘီလီယံနီးပါး သုံးစွဲခဲ့ရပြီး စီမံကိန်းအချို့ရပ်နားထားခြင်းကြောင့် လုပ်ငန်းသုံးကုန်ကြမ်းနှင့် ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းတို့ကို လျော့နည်းတင်သွင်းခဲ့

ပြီးခဲ့တဲ့ ၂၀၂၀-၂၁ ဘဏ္ဍာနှစ်တွင် ပြည်ပမှ စားသောက်ကုန်ပစ္စည်း တင်သွင်းမှုအတွက် အမေရိကန်ဒေါ်လာ ၁ ဘီလီယံနီးပါး သုံးစွဲခဲ့ရကြောင်း မြန်မာနိုင်ငံရဲ့ ပြည်ပကုန်သွယ်မှုစာရင်းမှာ ဖော်ပြထားပါတယ်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ကာလတူထက် ကန်ဒေါ်လာသန်း ၂၄၀ နီးပါး ပိုမိုတင်သွင်းခဲ့ရပြီး ကုန်ပစ္စည်းအမယ်တွေထဲမှာ စားအုန်းဆီ၊ သွားတိုက်ဆေး၊ စီးကရက်စက္ကူ၊ ကော်ဖီ၊ လက်ဖက်ခြောက်နှင့်ဖျော်၍သုံးသည့် အမှုန့်များ၊ နို့မှုန့်တို့ ပါဝင်နေပါတယ်။

စားအုန်းဆီအမယ် တစ်ခုတည်းတင် ကန်ဒေါ်လာသန်း ၈၃၀ နီးပါး တင်သွင်းခဲ့ရပြီး ကာလတူထက် ဒေါ်လာသန်း ၂၄၀ ခန့် ပိုမိုသုံးစွဲခဲ့ရကြောင်း စာရင်းများအရ သိရပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါဂယက်နဲ့ ဖေဖော်ဝါရီ နိုင်ငံရေးအပြောင်းအလဲတို့ကြောင့် ပြည်ပရင်းနှီးမြှုပ်နှံမှုနဲ့ ဆောင်ရွက်တဲ့စီမံကိန်းအချို့ ရပ်နားခဲ့ရသလို အချို့ကလည်း ထွက်ခွာသွားတာကြောင့် ရင်းနှီး

မြှုပ်နှံမှုကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ တင်သွင်းမှု လျော့နည်းခဲ့ပါတယ်။ ဒါကြောင့် ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၆၇၇ သန်းကျော် ရှိခဲ့ပြီး ကုန်သွယ်မှုလုပ်ငန်းတွေကို ပင်လယ်ရေကြောင်းမှ ၆၆ ရာခိုင်နှုန်းအထိ ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ပို့ကုန်အုပ်စုအလိုက် တင်ပို့မှုကလည်း လယ်ယာထွက်ပစ္စည်းများမှလွဲပြီး တိရစ္ဆာန်ထွက်၊ ရေထွက်၊ သတ္တုတွင်းထွက်၊ သစ်တောထွက်၊ စက်မှုကုန်ချောပစ္စည်းနဲ့အခြားပစ္စည်းတွေ လျော့နည်းတင်ပို့နိုင်ခဲ့တယ်လို့ ဖော်ပြထားပါတယ်။

**Source: BETV Business**

## ၁၁ နှစ်အတွင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးတိုးတက်မှု အကောင်းဆုံးဖြစ်လာဟု ကိုရီးယားနိုင်ငံဗဟိုဘဏ် ထုတ်ပြန်

ပို့ကုန်များ ခိုင်မာမှုကြောင့်လည်းကောင်း၊ ဝန်ဆောင်မှုကဏ္ဍတွင် အားကောင်းသော ဆောင်ရွက်ချက်များကြောင့်လည်းကောင်း တောင်ကိုရီးယားနိုင်ငံ၏ စီးပွားရေးမှာ ၁၁ နှစ်အတွင်း အမြန်ဆုံးနှုန်းဖြင့် တိုးတက်လာသည်ဟု ဇန်နဝါရီ ၂၅ ရက်တွင် ကိုရီးယားဗဟိုဘဏ်က ထုတ်ပြန်သည်။

ခန့်မှန်းချက်နှင့်အညီ စီးပွားရေးတိုးတက်မှု ၄.၀ ရာခိုင်နှုန်းရှိလာခြင်းမှာ ၂၀၁၀ ခုနှစ်နောက်ပိုင်းတွင် အကောင်းဆုံး စွမ်းဆောင်ရည်ဖြစ်ကာ ကမ္ဘာလုံးဆိုင်ရာ ကုန်စည်ထောက်ပံ့ရေးလမ်းကြောင်းကို ထိခိုက်စေသော ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါဖြစ်ပွားခဲ့သည့်တိုင် စီးပွားရေးတိုးတက်လာခြင်းဖြစ်သည်။

စီးပွားရေးအားကောင်းနေသော အချက်အလက်များကြောင့် ကိုရီးယားဗဟိုဘဏ်အနေဖြင့် ဆယ်ဂဏန်းအထိ မြင့်တက်နေသော ငွေဖောင်းပွမှုကို ထိန်းချုပ်ရန်ကြိုးစားနေခိုက်အတိုးနှုန်းများကို ထပ်မံတင်းကျပ်ရမည့် အနေအထားဖြစ်လာ စေမည်ဖြစ်သည်။

ကိုရီးယားဗဟိုဘဏ်တာဝန်ရှိသူများသည် ဩဂုတ်လမှစတင်ကာ အတိုးနှုန်းများကိုမြှင့်တင်ခဲ့ရာ ယခုလအတွင်း နောက်ဆုံး တိုးမြှင့်မှုကြောင့် အတိုးနှုန်းသည် ၁.၂၅ ရာခိုင်နှုန်းအထိမြင့်တက်လာခဲ့ပြီး ၂၀၂၂ ခုနှစ်အတွင်းတွင်လည်း အတိုးနှုန်းမြှင့်တင်ရန် ညွှန်ပြလျက်ရှိသည်။

တောင်ကိုရီးယားနိုင်ငံသည် ဆမ်ဆောင်းအပါအဝင် ထိပ်တန်းနည်းပညာကုမ္ပဏီများတည်ရှိရာ နိုင်ငံဖြစ်သည်။ ဆမ်ဆောင်း အီလက်ထရွန်းနစ်ကုမ္ပဏီသည် ကမ္ဘာ့ထိပ်တန်းစမတ်ဖုန်းထုတ်လုပ်ရာ ကုမ္ပဏီဖြစ်ပြီး ဆမ်ဆောင်းထုတ်ချစ်ပ်များကို အီလက်ထရွန်းနစ် ပစ္စည်းကိရိယာအမျိုးမျိုးတွင် အသုံးပြုလျက်ရှိသည်။ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ရောဂါတိုက်ဖျက်ရေးအတွက် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံများက မိမိတို့၏နိုင်ငံများကို ကမ္ဘာနှင့်အဆက်ဖြတ်ထားခဲ့ရသည့် အနေအထားကြောင့် တောင်ကိုရီးယား ပို့ကုန်များမှာ ၂၀၂၀ ခုနှစ်တွင် ၁.၈ ရာခိုင်နှုန်း ကျဆင်းခဲ့သော်လည်း ယခုအခါပို့ကုန် ၁၀ ရာခိုင်နှုန်းနီးပါးပြန်တက်လာခဲ့သည်။

ပြည်တွင်းစားသုံးမှုမှာ ၂၀၂၀ ခုနှစ်တွင် ငါးရာခိုင်နှုန်းကျဆင်းခဲ့သော်လည်း ယခုအခါ ပြည်တွင်းစားသုံးမှု ၃.၆ ရာခိုင်နှုန်း မြင့်တက်လာခဲ့သည်။ သို့ရာတွင် ဆောက်လုပ်ရေးကဏ္ဍသည် ၂.၂ ရာခိုင်နှုန်းကျဆင်းခဲ့သည်ဟု ကိုရီးယားဗဟိုဘဏ်၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ထို့ကြောင့် ဆောက်လုပ်ရေးလုပ်ငန်းသည် ယခင်နှစ်ထက်ယှဉ်လျှင် တိုးတက်မှုမရှိသည့် အနေအထားတွင် ဆက်လက်တည်ရှိနေမည်ဟုဆိုသည်။ “ထုတ်လုပ်မှုဘက်ကကြည့်ရင် ဆောက်လုပ်ရေးကဏ္ဍမှာ ကျဆင်းမှုဟာ ဆက်လက်ရှိနေဦးမှာဖြစ်ပေမယ့် ကုန်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှုကဏ္ဍတို့ကတော့ ပြောင်းပြန်ဖြစ်ပြီး မြင့်တက်လာပါတယ်” ဟု ထုတ်ပြန်ချက်တွင် ကိုရီးယားဗဟိုဘဏ်က ဖော်ပြထားသည်။

စတုတ္ထမြောက်သုံးလပတ်တွင် ဂျီဒီပီသည် နှစ်အလိုက် ၄.၁ ရာခိုင်နှုန်း တိုးတက်ခဲ့သည်ဟုဆိုသည်။ ဗဟိုဘဏ်သည် ဩဂုတ်လကတည်းက ဗဟိုဘဏ်၏အတိုးနှုန်းများကို သုံးကြိမ်မြှင့်တင်ခဲ့ပြီးဖြစ်ရာ နောက်ဆုံးအတိုးနှုန်းတိုးမြှင့်မှုကြောင့် အတိုးနှုန်း ၁.၂၅ ရာခိုင်နှုန်းအထိ တက်လာခဲ့သည်။ ထို့ကြောင့် ငွေကြေးဖောင်းပွမှုများမြင့်တက်လာမည်ကို စိုးရိမ်မှုများ မြင့်တက်လာသည့် အနေအထားကြောင့် ကိုရီးယားဗဟိုဘဏ်က ယခုနှစ်တွင်လည်း အတိုးနှုန်းကို မြှင့်တင်ရန်ရှိနေသည်။ တောင်ကိုရီးယား ငွေဖောင်းပွနှုန်းမှာ ဆယ်ဂဏန်းအထိ မြင့်တက်နေသည်။

**Source:** https://news-eleven.com/article/224550

## အိန္ဒိယနိုင်ငံ မိုရေးမြို့၌ နယ်စပ်ဂိတ်မှတစ်ဆင့် မြန်မာနိုင်ငံသို့ကုန်သွယ်မှုဆိုင်ရာ အစည်းအဝေးကျင်းပ

အိန္ဒိယနိုင်ငံ၊ မဏိပူပြည်နယ်၊ မိုရေးမြို့ရှိ နယ်စပ်စုပေါင်းစစ်ဆေးဂိတ် (Integrated Check Post (ICP) Moreh) အား ဖြတ်သန်း၍ မြန်မာနိုင်ငံနှင့်ကုန်သွယ်မှုများ လုပ်ကိုင်ဆောင်ရွက်ခြင်းဆိုင်ရာ အစည်းအဝေးတစ်ရပ်ကို ၁၅-၁-၂၀၂၂ နေ့တွင် ၎င်းနယ်စပ်ဂိတ်စခန်း၌ကျင်းပရာ အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာနမှ အရန်အတွင်းဝန် Mr. Vinay Kumar တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါအစည်းအဝေးသို့ LCS Moreh အကောက်ခွန်ဌာနမှ ဌာနမှူး Mr. SK Gangte ၊ ICP Moreh ဂိတ်မှ မန်နေဂျာ Mr. Robin Gangte ၊ လက်ထောက်ကောလိတ္တော်အရာရှိ Mr. L Brojendra Singh နှင့် အမှတ် ၄၃ အာသံ ရိုင်ဖယ်တပ်(မိုရေး) မှ ဗိုလ်မှူးကြီး Mr. Sumit Sood တို့နှင့်အတူ နယ်စပ်ဂိတ်စခန်းနှင့် အိန္ဒိယလူဝင်မှုကြီးကြပ်ရေးဌာနတို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ အစည်းအဝေးတွင် ဒေသတွင်း တရားမဝင်ကုန်သွယ်မှုကိုလုပ်ကိုင်ရန် မျက်နှာသာပေးလျက်ရှိသောကိစ္စရပ်များ၊ ICP Moreh ဂိတ်အား ဖြတ်သန်း၍ တရားဝင်ကုန်သွယ်မှု လုပ်ဆောင်လာစေရေး မြှင့်တင်နိုင်မည့်နည်းလမ်းများ၊ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ရှည်လျားစွာ ထိစပ်နေမှုအရ စိမ့်ဝင်လာနိုင်မှု၊ မြန်မာနိုင်ငံအားဖြတ်သန်း၍ တတိယနိုင်ငံတစ်ခုမှ ကုန်ပစ္စည်းများ တင်သွင်းခြင်းအတွက် သီးခြားကုန်သွယ်ရေး သဘောတူညီချက်များ ကင်းမဲ့မှု၊ မိုရေးမြို့၌ ပြည်ဝင်ဗီဇာထုတ်ပေးနိုင်မည့် အခြေခံအဆောက်အအုံများ မရရှိနိုင်မှုနှင့် အခြားအထွေထွေကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရှိရပါသည်။

၁၉၉၂ ခုနှစ် အိန္ဒိယနိုင်ငံခြားရေးဝန်ထမ်းသင်တန်းဆင်း အဆင့်မြင့်သံတမန်အရာရှိဖြစ်သော Mr. Vinay Kumar သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအဖြစ် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ခန့်အပ်ခြင်းခံရပြီးနောက် မကြာမီကာလအတွင်း တာဝန်စတင်ထမ်းဆောင်ဖွယ် ရှိကြောင်း အိန္ဒိယ Imphal Free Press သတင်းဌာနမှ ဖော်ပြပါသည်။

**Source: MEA additional secretary visits Moreh Integrated Check Post, 15 Jan 2022, Imphal Free Press**

**နေအေးလွင် (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့)**

## စင်ကာပူနိုင်ငံ၏ ၂၀၂၂ ခုနှစ် ငွေကြေးဖောင်းပွမှုနှုန်းခန့်မှန်းချက်ကို တိုးမြှင့်သတ်မှတ်ခဲ့ခြင်း

၂၀၂၂ ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း (Inflation) သည် ၂.၅ ရာခိုင်နှုန်းမှ ၃.၅ ရာခိုင်နှုန်းအတွင်း ဖြစ်ပေါ်နိုင်သည်ဟု စင်ကာပူငွေကြေးအာဏာပိုင် (MAS) မှ ၂၅ - ၁ - ၂၀၂၂ ရက်နေ့တွင် ကြိုတင်ခန့်မှန်းချက်ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါခန့်မှန်းချက်မှာ ယခင်အစောပိုင်း ခန့်မှန်းချက် (၁.၅ ရာခိုင်နှုန်းမှ ၂.၅ ရာခိုင်နှုန်းအတွင်း) ထက်တိုးမြှင့်၍ ပြင်ဆင် ခန့်မှန်းလိုက်ခြင်းဖြစ်ပါသည်။

စင်ကာပူနိုင်ငံ၏ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာခဲ့သောအခြေအနေသည် ၂၀၂၁ ခုနှစ် နိုဝင်ဘာလတွင် ၃.၈ ရာခိုင်နှုန်းရှိခဲ့ရာမှ ဒီဇင်ဘာလတွင် ၄ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့ပါသည်။ ဒီဇင်ဘာလတွင်ဖြစ်ပေါ်ခဲ့သော ငွေကြေးဖောင်းပွမှု နှုန်းသည် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၄.၉ ရာခိုင်နှုန်းအထိ ဖြစ်ပေါ်ခဲ့သည့်ကာလနောက်ပိုင်းတွင် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိခဲ့ခြင်း ဖြစ်ပါသည်။ ဒီဇင်ဘာလအတွင်း၌ ငွေကြေးဖောင်းပွမှုနှုန်းမြင့်တက်ခဲ့ခြင်းမှာ အဓိကအားဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပြီးသူများအတွက် ခရီးသွားလာခွင့်အစီအစဉ် (Vaccinated Travel Lanes) များဖြင့် ခရီးသွားလာကြရာ လေယာဉ်လက်မှတ်ခများမြင့်တက်ခဲ့ခြင်းနှင့် အိမ်ခြံမြေ ငှားရမ်းခများ မြင့်တက်ခဲ့ခြင်းတို့ကြောင့်ဖြစ်ပါကြောင်း သိရှိရပါသည်။

စင်ကာပူငွေကြေးအာဏာပိုင်သည် ကုန်ဈေးနှုန်းတည်ငြိမ်မှုရှိစေရန်အတွက် စင်ကာပူဒေါ်လာ Nominal Effective Exchange Rate (NEER) မူဝါဒဘောင်၏ ငွေတန်ဖိုးမြင့်တက်မှု နှုန်းကို အနည်းငယ်ထပ်မံတိုးမြှင့်သတ်မှတ်ခဲ့ပါသည်။ ကိုဗစ် ၁၉ ကပ်ရောဂါနှင့် ပထဝီနိုင်ငံရေး အခြေအနေများကြောင့် ကမ္ဘာလုံးဆိုင်ရာထောက်ပံ့ဖြန့်ဖြူးရေးကွင်းဆက်များအပေါ် သက်ရောက်မှုဖြစ်ပေါ်လာကာ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လာသောအခြေအနေနှင့် ကြုံတွေ့လာရ ကြောင်းနှင့် ၎င်းအခြေအနေသည် ကာလအတိုင်းအတာတစ်ခုအထိ ဆက်လက်တည်ရှိနေနိုင်ဖွယ် ရှိပါကြောင်း စင်ကာပူငွေကြေးအာဏာပိုင်က ပြောကြားခဲ့ပါသည်။

Source: The Straits Times, Monetary Authority of Singapore

**မြတ်နိုး (စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ စင်ကာပူ)**

## ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှု ယူရို (၁၀၀) ဘီလျံကျော်သို့ ရောက်ရှိခဲ့ခြင်း

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန် တင်ပို့မှုသည် ခန့်မှန်း ယူရို (၁၀၄.၇) ဘီလျံသို့ ရောက်ရှိခဲ့ရာ မှတ်တမ်းသစ်တစ်ရပ်ဖြစ်ခဲ့ကြောင်း နယ်သာလန်နိုင်ငံ၊ Ministry of Agriculture, Nature and Food Quality မှ ကြီးမှူး၍ နယ်သာလန်စာရင်းအင်းအဖွဲ့အစည်း ဖြစ်သည့် Statistics Netherlands (CBS) နှင့် Wageningen Economic Research (WUR) တို့က ပူးတွဲဆောင်ရွက်သည့် သုတေသနထုတ်ပြန်ချက်များအရ သိရပါသည်။

၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် စုစုပေါင်းတင်ပို့မှုသည် ယခင်နှစ်ကထက် ယူရို (၉) ဘီလျံ ပိုမိုတင်ပို့နိုင်ခဲ့ပြီး၊ (၉.၄) ရာခိုင်နှုန်း တိုးတက်တင်ပို့နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးပို့ကုန် ယူရို (၁၀၄.၇) ဘီလျံတွင် ပြည်တွင်း ထုတ် စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုသည် (၇၅.၇) ဘီလျံ၊ အခြားနိုင်ငံများမှတင်သွင်းပြီးနောက် Re-export အဖြစ် တင်ပို့မှု ယူရို (၂၉) ဘီလျံတို့ပါဝင်ခဲ့ကြောင်း၊ ထို့ကြောင့် ပြည်တွင်းထုတ် စိုက်ပျိုးရေးထွက်ကုန်တင်ပို့မှုသည် နှစ်အလိုက်နှိုင်းယှဉ် လျှင် (၁၀.၇) ရာခိုင်နှုန်းတိုးတက်ခဲ့ပြီး၊ Re-export မှာ (၆.၁) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း သိရပါသည်။

၂၀၂၁ ခုနှစ်တွင် စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုမှ ပို့ကုန်ရငွေ (Export earnings) ရရှိမှုမှာ ခန့်မှန်းအားဖြင့် ယူရို (၄၆.၁) ဘီလျံရှိခဲ့ကြောင်း၊ ယင်းတွင် ပြည်တွင်းထုတ်ကုန်တင်ပို့မှုမှ ယူရို (၄၂.၁) ဘီလျံ၊ Re-export တင်ပို့မှုမှ ယူရို (၄) ဘီလျံ ရရှိခဲ့ခြင်း ဖြစ်ပါသည်။ နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုတွင် အများအားဖြင့် အိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ခဲ့ခြင်း ဖြစ်ပါ သည်။ ၂၀၂၁ ခုနှစ်တွင် နယ်သာလန်နိုင်ငံမှ ဂျာမနီနိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန် စုစုပေါင်းတင်ပို့မှုတန်ဖိုး ယူရို (၂၆.၃) ဘီလျံ ရှိခဲ့ပြီး၊ စုစုပေါင်းတင်ပို့မှု၏ သုံးပုံတစ်ပုံခန့်ရှိပါသည်။ နယ်သာလန်မှ စိုက်ပျိုးရေးထုတ်ကုန် တင်ပို့သည့်နိုင်ငံများတွင် ဘယ်လ်ဂျီယံနိုင်ငံ (၁၂) ရာခိုင်နှုန်း၊ ပြင်သစ်နိုင်ငံ (၈) ရာခိုင်နှုန်း၊ ဗြိတိန်နိုင်ငံ (၈) ရာခိုင်နှုန်းတို့ဖြင့် အသီးသီးရပ်တည်ခဲ့ကြပါ သည်။

Brexit ကြောင့် နယ်သာလန်နိုင်ငံမှ ဗြိတိန်နိုင်ငံသို့ စိုက်ပျိုးရေးထုတ်ကုန် Re-export တင်ပို့မှုသည် (၃၅) ရာခိုင်နှုန်း ကျဆင်းခဲ့ပါသည်။ အကြောင်းရင်းမှာ ၁-၁-၂၀၂၁ ရက်နောက်ပိုင်းမှစ၍ အီးယူပြင်ပနိုင်ငံများမှ ဗြိတိန်နိုင်ငံသို့ ကုန်စည်များကို သင်္ဘောတင်ပို့ရာတွင် နယ်သာလန်နိုင်ငံမှ တစ်ဆင့်တင်ပို့ခြင်းထက် တိုက်ရိုက်တင်ပို့ခြင်းက သွင်းကုန်ခွန်ပေးဆောင်ရမှုတွင် ပိုမိုသက်သာစေနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ သို့ရာတွင် နယ်သာလန်နိုင်ငံ၏ ပြည်တွင်းထုတ် စိုက်ပျိုးရေးထွက်ကုန်များ ဗြိတိန် နိုင်ငံသို့ တင်ပို့မှုမှာမူ ၂၀၂၁ ခုနှစ်တွင် (၁၄) ရာခိုင်နှုန်းဖြင့် သိသာစွာတိုးတက်ခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံအနေဖြင့် အီးယူနှင့် ကုန်သွယ်ရာတွင် တိရစ္ဆာန်နှင့် အပင်ထုတ်ကုန်များအတွက် အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့် နယ်စပ်ဖြတ်ကျော် စစ်ဆေးမှုများကို ၂၀၂၂ ခုနှစ်အထိ ဆိုင်းငံ့ထားခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် ထိုသို့စစ်ဆေးဆောင်ရွက်မှုများကြောင့် နယ်သာလန်မှ ဗြိတိန်သို့ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုအပေါ် သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း သိရပါသည်။

နယ်သာလန်နိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန် ပြည်ပတင်ပို့မှုတွင် ဥယျာဉ်ခြံထွက်ကုန်များ တင်ပို့မှု တိုးတက်ခဲ့ခြင်း ဖြစ်ပါသည်။ ပန်းများ၊ အပင်များစသော အလှဆင်ဥယျာဉ်ခြံထွက်ကုန်များ တင်ပို့မှုသည် အဓိကတိုးတက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် တွင် ဥယျာဉ်ခြံထွက်ကုန်များ တင်ပို့မှုသည် ယူရို (၁၂) ဘီလျံရှိခဲ့ရာ ယခင်နှစ်ကထက် တိုးတက်ခဲ့ပြီး၊ အဓိကအားဖြင့် အပင်နှင့် ပန်းများ၏ ဈေးနှုန်းများ သိသိသာသာ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံ၏ ဥယျာဉ်ခြံထွက်ကုန်တင်ပို့မှုမှာ ၂၀၂၀ ခုနှစ်တွင် ယူရို (၉.၆) ဘီလျံ၊ ၂၀၁၉ ခုနှစ်တွင် ယူရို (၉.၅) ဘီလျံ အသီးသီးရှိခဲ့ကြောင်း သိရပါသည်။

အလားတူ နယ်သာလန်နိုင်ငံမှ ဒုတိယအများဆုံး တင်ပို့နိုင်ခဲ့သည့် လယ်ယာထွက်ကုန်မှာ အသားများဖြစ်ကြောင်း၊ ၂၀၂၁ ခုနှစ်တွင် အသားတင်ပို့မှုတန်ဖိုး ယူရို (၉.၁) ဘီလျံရှိခဲ့ရာ ၂၀၂၀ ခုနှစ် တင်ပို့မှုတန်ဖိုး ယူရို (၈.၅) ဘီလျံထက် (၇) ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ နယ်သာလန်နိုင်ငံ၏ အခြားသော အဓိကစိုက်ပျိုးရေးထုတ်ကုန်များ တင်ပို့မှုသည်လည်း ၂၀၂၁ ခုနှစ်တွင် တိုးတက်ခဲ့ကြောင်း၊ နို့စားသိုးနို့ထုတ်ကုန်များ၊ ဂျုံမှုန့်နှင့်နို့ထွက်ပစ္စည်းတင်ပို့မှုများတွင်သာ ကျဆင်းခဲ့ကြောင်း၊ ထိုသို့ ကျဆင်းခဲ့ ရခြင်းအကြောင်းရင်းများအနက်တစ်ခုမှာ တရုတ်နိုင်ငံသို့ ကလေးနို့မှုန့်တင်ပို့မှု သိသာစွာကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရပါ သည်။ ကုန်သွယ်မှုပိုင်းတွင် အော်ဂဲနစ်ထုတ်ကုန်များနှင့်ပတ်သက်၍ အလေးထားမှုများ ပိုရှိလာကြောင်း၊ လက်ရှိ ကုန်သွယ်မှု စာရင်းဇယားများအရ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ခုနှစ်အတွင်း အီးယူသို့ တင်သွင်းမှု စုစုပေါင်းပမာဏ၏ (၁.၅) ရာခိုင်နှုန်းမှာ အော်ဂဲနစ် ထုတ်ကုန်များဖြစ်ကြောင်း၊ အီးယူသို့ အများဆုံးတင်သွင်းသည့် အော်ဂဲနစ်ထုတ်ကုန်များမှာ ငှက်ပျောသီးနှင့်တိရစ္ဆာန်အစာတို့

ဖြစ်ပြီး၊ အီကွေဒေါနိုင်ငံက အများဆုံးတင်ပို့သူဖြစ်ကြောင်း၊ နယ်သာလန်နိုင်ငံသည် အီးယူ၌ တတိယနိုင်ငံများမှ အော်ဂဲနစ်ထုတ်ကုန်များကို အများဆုံးတင်သွင်းသည့်နိုင်ငံဖြစ်ကြောင်း သိရပါသည်။

**Source:** https://www.cbs.nl/en-gb/news/2022/03/agricultural-exports-exceeded-100-billion-euros-in-2021

**ကျော်စိန်ဝင်း (စီးပွားရေးသံမှူး-မြန်မာသံရုံး၊ ဘရပ်ဆဲလ်)**

## STOCK EXCHANGE (26.1.2022)

YANGON STOCK EXCHANGE

Search...

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 26th Jan. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,200 | +0 | +0.00% | 8,200 | 8,200 | 8,200 | 350 | 2,870,000 | 33,109,694 | 271,499 |
| MTSH | 00002 | 3,100 | -50 | -1.59% | 3,150 | 3,150 | 3,050 | 2,312 | 7,092,750 | 38,929,150 | 120,680 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 0 | 0 | 2,472,053 | 49,441 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,823,224 | 33,982 |
| EFR | 00006 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 0 | 0 | 19,977,223 | 58,933 |
| AMATA | 00007 | 5,100 | +0 | +0.00% | 5,100 | 5,100 | 5,100 | 0 | 0 | 10,497,598 | 53,538 |


### Market summary

As of 26th Jan. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.48 | -1.12 | -0.29% | 387.60 | 387.60 | 385.36 | 2,662 | 9,962,750 | 7 | 672,321 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 26th Jan. 2022

| MYANPIX | 386.48 ▼ 1.12 |
|---|---|
| Total Volume (shares) | 2,662 |
| Total Value (MMK) | 10 mil |
| Listed Company | 7 |
| Market Cap. (MMK) | 672,321 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,200 | ▲ 0 |
| MTSH | 00002 | 3,100 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |
| EFR | 00006 | 2,950 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 0 |